Legacy Team

# ဧကရာဇ်ရဲ့ ချစ်လှစွာသော ရုပ်ဆိုးမလေး

စာစဉ်-၁



# ဧကရာဇ်ရဲ့ချစ်လှစွာသောရုပ်ဆိုးမလေး

## (စာစဉ်-၁)

## အခန်း ၁

## ကံဆိုးမလေး ချိုး

*

ကျိုးမင်းဆက်ကြီး။

ကျားရှန် 32 နှစ်မြောက်၏ မတ်လဆန်း တစ်ရက်။

နန်းမြို့။

"နင့်လောက် ကံဆိုးတဲ့သူ မတွေ့ဖူးပါဘူးဟယ်"

အာချိုး တစ်ယောက် ရေတွင်ဘေးတွင် ထိုင်ကာ သူ့အဝတ်များကို ကွဲအက်နေသော လက်ချောင်းများဖြင့် သပ်ရပ်အောင်လုပ်ရင်း

သစ်သားဇလုံးကြီးထဲမှ သူ့ပုံရိပ်ကို ပြန်လည် တီးတိုးပြောနေခြင်းဖြစ်သည်။ဇလုံဘေးမှ တောင်အလား အဝတ်ပုံကြီးကို ကြည့်ရင်း အားချိုး သက်ပြင်းမချဘဲ မနေနိုင်ပေ။ဘယ်ချိန်မှ လျှော်လို့ပြီးမှာလဲ။

အားချိုးစကားအတိုင်း သူမကလည်း ကံမကောင်းရှာပေ။

သူမသည် အမတ်တစ်ဦး၏ သမီးတစ်ယောက် ဖြစ်သော်လည်း သူမအဖေမှာ ခေါင်းမာမာဖြင့် အထက်အရာရှိများကို စော်ကားတတ်သည်။ တစ်ည၌ သူမမိဘများ သေဆုံးခဲ့ရပြီး တစ်မိသားစုလုံးမှ လေးနှစ်သာ ရှိသော အားချိုး တစ်ယောက်တည်း ရှင်ကျန်ခဲ့သည်။သို့ရာတွင် သူလည်း အဝတ်ရုံးသို့ အစေခံအဖြစ် ပို့ခံခဲ့ရသည်။အဝတ်ရုံး၌ ဆယ်နှစ်ကြာ အဝတ်လျှော်ဖွတ်ပြီးနောက် ဆယ့်လေးနှစ်ကြာတွင် အားချိုး

ကံကောင်းခဲ့ပေသည်။အချီးမြောက်ခံရဆုံး ကိုယ်လုပ်တော် ကျောက်၏ ယန်ကွေ့ နန်းတော်သို့ ရောက်သွားခဲ့ခြင်းပင်။

သို့သော် အားချိုး ကံမကောင်းသည်မှာ နေသားကျနေသဖြင့် ယခုကံမှာလည်း မကြာလိုက်ပေ။ နှစ်နှစ်အတွင်းမှာပင် အားချိုးမှာ ကိုယ်လုပ်တော် ကျောက်ကွေ့ဖေးအား မတော်တဆ စိတ်နှောက်စေမိသဖြင့် ကံဆိုးစွာနှင့် လျှို့ပြင်ဟန်လင်မှ အဆင့်ခြောက်အဆင့်ကို ပေးအပ်ခြင်း ခံရသည်။ ရုံးတော်မှ သွမ့်ချန်းဟုန်အား တာဝန်ချရာ နေရာပင်။

ကျားရှန်သုံးနှစ်နှစ်မြောက်အစ၌ တာ့ကျိုးမင်းဆက်ကြီး စတင်ချိန် တစ်လောကလုံး ပြောင်းလဲသွားခဲ့သည်။သွားလေသူ ကျန်းရှန့်ကေရီ၏ အကြီးဆုံးသား၊အရှေ့နန်းတော်၏ အိမ်ရှေ့စံဖြစ်သူ ကျုံးမင်းဝေသည် နှစ်ကူးညစာ

စားပွဲ၌ ဧကရာဇ်၏ ရှေ့တော်၌ ရိုင်းပြခဲ့သည်။ သက်တော်ရှည်မင်းမှ အမျက်ရှကာ သူ့အား ပိတ်လှောင်ခဲ့ပေသည်။ဘိုးဘေးခန်းမ၌ရှိနေစဉ် ရက်အနည်းငယ်အတွင်း၌ပင် ခုံရုံးမှအမတ်များက မင်းသား၏ နှစ်များစွာအတွင်း အကျင့်ပျက်မှု သက်သေများကို စုပေါင်းစာတစ်စောင်ရေးကာ သတင်းပို့ခဲ့ကြသည်။သက်တော်ရှည်မင်းမှာ အမျက်ရှကာ ခုံရုံးကို အသေးစိတ်စုံစမ်းရန် မိန့်ခဲ့သည်။ရလဒ်အနေဖြင့် မင်းသားမှာ ပထမလမတိုင်ခင်တွင် နန်းကျကာ သာမန်ပြည်သူအဖြစ် နှိမ့်ချခံခဲ့ရသည်။နင်းဂုသို့ တိုက်ရိုက် ရာထူးချခံရခြင်းဖြစ်၍ သူ၏ ယောက္ခမဟု ဆိုရမည့် လက်ယာဝန် သွမ့်ချန်းဟုန်မှာမူ တစ်နေ့တည်း ရာထူးခြောက်ဆင့်ကျကာ လျို့ပင်ဟန်လင်၏ စာရင်းပြုစုသူ ဖြစ်လာတော့သည်။

အိမ်ရှေ့စံရာထူး ဖျက်သိမ်းခံရသဖြင့် သူတို့ထဲမှ

ကိုယ်လုပ်တော် ကျောက်၏ ကျောက်မိသားစုမှာ နာမည်ရခဲ့ကြသည်။သွမ့်ချန်းဟုန်သည် ကိုယ်လုပ်တော်ကျောက်ကို သွားကြိုတ်ရသည် အထိ မုန်းသူဖြစ်သော်လည်း ဒီတစ်ကြိမ်တွင်မူ သူ့ဘေး၌ ကလေးမတစ်ယောက်ကို နေရာ ချထားလိုက်သဖြင့် အာချိုးသည် ကျောက်ကွေ့ ဖေး၏ နားနှင့် မျက်လုံးများဖြစ်ရမည်ဟု အလိုအလျောက် ထင်နေမိသည်။

ထိုကြောင့်ပင် သနားစရာအားချိုးသည် သွမ့်ချန်းဟုန် မိသားစု၏ မျက်စိစပါးမွေးစူးစရာ ဖြစ်လာတော့သည်။ ကိုယ်လုပ်တော် ကျောက် ချီးမြင့်ထားသော သူများကို မသတ်ရဲသော်လည်း လူများကို နှိပ်စက်ရန် နည်းများစွာရှိပေသည်။ အားချိုး သွမ့်အိမ်တော်သို့ စဝင်ခဲ့ကတည်းက အားလပ်ချိန်ပင်မရှိဘဲ ဆယ့်ခြောက်နှစ်ရွယ် မိန်းကလေး၏ အိမ်၌ နေမထွက်ခင် ထကာ

ထင်းခုတ်၊ချက်ပြုတ်၊သန့်ရှင်းရေး နှင့် အဝတ် များလျှော်ဖွတ်ရသည်။ နေ့တိုင်း လေးငါး နာရီမျှ ကြာအောင် ချမ်းစိမ့်လှသော အချိန်တွင် လျှော် ဖွတ်နေရသည်။ အဘယ်ကြောင့် သွမ့်မိသားစု တွင် လျှော်စရာအဝတ်များ များနေရသည်မသိ။ သူမ အဝတ်ရုံး၌ လျှော်ဖွတ်ခဲ့သည့်ထက်ပင် များ သေးသည်။အားချိုးသည် ညည်းတတ်သောသူမ ဟုတ်သော်လည်း နေ့များစွာ ဒီအဝတ်တွေချည်း လျှော်နေရသဖြင့် သူမ မငြီးဘဲ မနေနိုင်တော့ ပေ။

အဝတ်လျှော်ပြီးချိန်တွင် ညလယ်ပင် ရောက် နေသဖြင့် သူမလက်များ ကျိုးတော့မည်ကဲ့သို့ အားချိုး ခံစားနေရသည်။ အဝတ်များ ခြောက် အောင် ရုန်းကန်၍ ထင်းလှောင်အိမ်သို့ ပြန်သွား မည်ကြံလိုက်သည်။မှန်သည်၊ အားချိုးနေတာ ထင်းလှောင်အိမ်မှာပင်။ သွမ့်မိသားစု နေသည့်

လေးထောင့်ခြံဝန်းလေးတွင် မိသားစု တစ်ဒါဇင် ကျော် ရှိသဖြင့် လူကြပ်နေပြီဖြစ်ကာ သူမလို အစေခံက ထင်းလှောင်အိမ်တွင် နေနိုင်သည်မှာ ပင် အတော်ဟန်ကျနေပြီဖြစ်သည်။

အားချိုး သူမလက်ကောက်ဝတ်များကို နှိပ်နယ် ရင်း ထင်းလှောင်အိမ်တံခါးအား ဖွင့်ရန် ပြင် လိုက်ချိန်တွင် အမျိုးသမီးဆောင်မှ အရှူးအမူး အော်သံကို ကြားလိုက်ရသည်။

"အဲ့လို ဒုက္ခိတကြီးကို မယူချင်ပါဘူး။ နင်းဂုတ ကို မသွားချင်ဘူး။ အမေ....အမေ ထပ်အတင်း ခိုင်းရင် သမီးသေလိုက်မှာနော်။"

***

## အခန်း ၂
## သနားဖွယ် မိန်းကလေး သွမ့်

*

အသံပိုင်ရှင်မှာ သွမ့်ချန်းဟုန်၏ သမီးအကြီးဆုံး သွမ့်ရှုလန်ဖြစ်ပြီး သူမ အလွန်ပင် ဝမ်းနည်းဒေါသထွက်နေသည်အား အားချိုး ကြားနိုင်သည်။မဟုတ်ပါက သူမကဲ့သို့ ကြွယ်ဝမြင့်မြတ်သည့် မိသားစုမှ မိန်းကလေးတစ်ဦးသည် ဤကဲ့သို့ အော်ဟစ်နေမည် မဟုတ်ပေ။

အားချိုးသာလျှင် ကံမကောင်းသည့်သူ မဟုတ်ဟန်ရသည်။

နန်းကျအိမ်ရှေ့စံအား ဘိုးဘေးခန်းမမှ သယ်ထုတ်သွားရပြီး အထဲတွင် နှိပ်စက်ခံထားရသ

ဖြင့် ခြေလက်များက ပြန်ကောင်းမလာသေးပေ။

နန်းမြို့မှ နင်းဂုသို့ သွားရာလမ်းသည်လည်း ကြမ်းတမ်း၍ သုံးလခန့်မျှ ကြာသည်ဟု ကြားမိသည်။ထိုသို့ရောက်ချိန်တွင် နန်းကျအိမ်ရှေ့စံမှာ ဒုက္ခိတဖြစ်နေပြီဖြစ်သည်။ ရိုက်နှက်ခံရ၍ ကျိုးပဲ့နေသူမှာ မည်သိုဆက်လုပ်ရမည် မသိဘဲ အဆုံးတွင်တော့ နန်းကျအိမ်ရှေ့စံသည် ကိုယ်ရော အနာဂတ်ပါ ကျရှုံးသွားရသည်။

ထိုအကြောင်းကြားရသော ကိုယ်လုပ်တော်ကျောက်မှာ သက်တော်ရှည်မင်းကြီး၏ ရှေ့သို့မျက်ရည်စက်စက်ဖြင့် နန်းကျအိမ်ရှေ့စံမှာ မင်းသားတစ်ပါးဖြစ်သော်လည်း သူမကတော့ ဆိုးရွားသည့်မိခင်ဖြစ်ကြောင်း၊ နန်းကျအိမ်ရှေ့စံမှာ ဒုက္ခိတဖြစ်နေပြီး သူ၏ဘေးတွင် ပြုစုမည့်သူမရှိသည်အတွက် စိုးရိမ်မိကြောင်းပြောခဲ့သည်။ ထို့အပြင် နန်းကျအိမ်ရှေ့စံ၏ ဇနီးဖြစ်သူ တင်း

မှာ ငယ်ရွယ်စဉ်ကပင် ဆုံးသွားသဖြင့် နှမြော ဖွယ်ကောင်းကြောင်းလည်း ပြောလိုက်သည်။

ထိုသို့ ပြောပြခံရသဖြင့် နန်းကျအိမ်ရှေ့စံ နှင့် သွမ့်မိသားစု သမီးတို့အကြား လက်ထပ်စာချုပ်ရှိ သေးသည်ကို သတိရသွားသော သက်တော်ရှည် မင်းသည် သွမ့်မိသားစု၏ သမီး အရွယ်ရောက် ပြီးသည်အား ထောက်ကာ သွမ့်ချန်းဟုန် အား သူ့သမီးကို နင်းဂုတသို့ ပို့ရန် အမိန့်ပေးလိုက် သည်။

လွန်ခဲ့သည့် နှစ်ရက်အတွင်း သွမ့်ရှုလန် လေး ငါးခါမျှ ငြင်းဆန်ခဲ့ပေသည်။ ထို့ကြောင့် သွမ့်ချ န်းဟုန်မှာ သည်းခံစိတ်ကုန်သွားပြီး သူမကို စကားမပြောတော့ဘဲ အိမ်စောင့်အားအမိန့် ပေး၍ အခန်းထဲပိတ်ခိုင်းထားလိုက်သည်။ သွမ့်ရှု လန် သေကြောင်းသွားကြံမည်စိုးသဖြင့် သူမ၏ ဘေး၌ နေပေးနေရခြင်းပင်။

သွမ့်ရှုလန်၏ မျက်လုံးများ သစ်ကြားသီးကဲ့သို့ နီရဲရောင်ကိုင်းနေပုံကို အားချိုး စဉ်းစားကာ ခေါင်းခါပြီး သက်ပြင်းချ၍ ထင်းလှောင်အိမ် တံခါးအား ဖွင့်ဝင်သွားလိုက်သည်။သူမ ပင်ပန်း နေသဖြင့် အပေါက်ရာများနှင့် အိပ်ရာခင်းပေါ် ရောက်သည်နှင့် အိပ်ပျော်သွားတော့သည်။

သူမသာ မနက်ဖြန်တွင် ပိုကံဆိုးတော့မည်ကို ကြိုသိထားပါက ဤမျှလောက် အမြန် အိပ်ပျော် ခဲ့မည် မဟုတ်ချေ။

သွမ့်ရှုလန် ငိုရသည်မှာ မောနေသဖြင့် သူမ၏ ပုံမှန် ချိုသာညက်ညောသောအသံမှာ ခြောက်ကပ်နေပေသည်။

"အဲ့လူက ဒုက္ခိတဖြစ်နေတာ အသိသာကြီးကို အဲ့ဒုက္ခိတကို မယူချင်ဘူး။အမေ၊ သမီး နင်းဂုတ ကို မသွားချင်ဘူးနော် မိဘတွေနဲ့ ပြန်မတွေ့ရမှာ ကြောက်တယ်။အမေ သမီးကို အတင်းမခိုင်းပါနဲ့

တော့။"

"လန်အာ အမေတို့တွေလည်း ဘာမှ မတတ်နိုင်ဘူးကွယ်"

"အမေ သမီးငယ်ငယ်ကတည်းက သမီးကို အမေ သင်ပေးထားတာလေ။ အမေသင်သမျှ အိမ်အလုပ်၊အိမ်နောက်ဖေးကြီးကြပ်ရေး၊ စန္ဒရား၊စစ်တုရင်၊စာအလှရေး၊ ပန်းချီဆွဲ အကုန် သမီးလုပ်ခဲ့တာပဲ။သမီး အဲ့လောက်ကြိုးစားတာ တစ်နေ့ တိုင်းပြည်မိခင် ဖြစ်လာမယ်လို့ အမေ ပြောလို့လေ။အခုကျတော့ အမေ နဲ့ အမေက သမီးကို သာမန်လူတစ်ယောက် ဒုက္ခတကြီးနဲ့ ယူခိုင်းနေတယ်။မယူဘူး မယူနိုင်ဘူး။"

သခင်မသွမ့်၏ အသံမှာ ရုတ်တရက် အေးစက်သွားလေသည်။ သူမ ပုဝါထုတ်၍ မျက်နှာပေါ်မှ မျက်ရည်များကို သုတ်ကာ သွမ့်ရှုလန်အား အေးစက်စွာ ပြောလိုက်သည်။

***